# တပင်ရွှေထီးချောင်း(၃)ခောင်
# စစ်တမ်းနှင့်အဖွင့်ကျမ်း

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မချိုချိုဦး

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ ဩဂုတ်လ

## ကျမ်းအကျဉ်းချုပ်

ကျွန်မ၏ ကျမ်းခေါင်းစဉ်သည် 'တပင်ရွှေထီးချောင်း ( ၃ )စောင်စစ်တမ်းနှင့်အဖွင့်ကျမ်း' ဖြစ်သောကြောင့် လှော်ကား ၃၀၀၀မှူး ရေးဖွဲ့သော တပင်ရွှေထီးချောင်း( ၃ )စောင်ကို ပေ၊ ပုရပိုက်များနှင့် တိုက်ဆိုင်စစ်ဆေး မူသန့်ခဲ့ပါသည်။ ထို့နောက် အကြောင်းအရာပိုင်း ဖွင့်ဆိုပါသည်။ အကြောင်းအရာပိုင်း ဖွင့်ဆိုရာတွင် ချောင်း( ၃ )စောင်သည် စာဆို၏ ရေးဖွဲ့လိုသော ရည်ရွယ်ချက်ပေါ် မူတည်၍ ပါဝင်သောအကြောင်းအရာ၏ အသားပေးမှု ကွာခြားသည်။ 'စကြဝဠာ'ချီချောင်းသည် တပင်ရွှေထီးမင်းသားလေး ဖွားမြင်ပြီး ပုခက်တင်မင်္ဂလာ အခမ်းအနား၌ သီဆိုရန် ရေးဖွဲ့ထားရာ ဘုန်းတော်ဘွဲ့၊ ပုခက်ဖွဲ့၊ ချောင်းသီဆိုပုံ၊ လက်ဆောင်များ ပေးကြပုံ စသည်ဖြင့် စုံလင်စွာ ပါဝင်အောင် ရေးဖွဲ့ထားသည်။ ဤချောင်းတွင် မင်းကြီးညို၏ မင်းခမ်းမင်းနားများကို ပြည့်စုံများပြားစွာ ရေးဖွဲ့ထားသည်။

'တဝေးမပြား'ချီချောင်းသည် 'စကြဝဠာ'ချီချောင်းရေးဖွဲ့ပြီး မရှေးမနှောင်းတွင် ရေးဖွဲ့သည့် ချောင်းဖြစ်သည်။ တပင်ရွှေထီး၏ ခမည်းတော် မင်းကြီးညို၏ မျိုးရိုးစဉ်ဆက်ကို ဖော်ပြလိုသောကြောင့် ရေးဖွဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ပင်းယမင်းခြောက်ဆက်၊ စစ်ကိုင်းမင်းခြောက်ဆက်မှစ၍ မင်းကြီးညို လက်ထက်တိုင်အောင် ဆွေမျိုးစဉ်ဆက်ကို ရေးဖွဲ့ပြထားရာ ရာဇဝင်သမိုင်းလေ့လာသူများအတွက် တန်ဖိုးရှိသော ချောင်းတစ်စောင် ဖြစ်ပါသည်။

'ဇမ္ဗူဒီပါ'ချီ ချောင်းမှာမူ မင်းကြီးညိုနတ်ရွာစံပြီး တပင်ရွှေထီးနန်းတက်စအချိန်တွင် ရေးဖွဲ့သော ချောင်းဖြစ်သည်။ ဤချောင်းတွင် မင်းကြီးညို၏ နိုင်ငံထူထောင်ရေးကာလ တိုက်ပွဲများကို ပြည့်စုံစွာ ရေးဖွဲ့ထားသည်။ ထိုတိုက်ပွဲများတွင် မင်းကြီးညို၏ လက်ရုံးရည်၊ ပိုင်ဆိုင်အုပ်စိုးသည့် ဒေသများကို လည်း တွေ့ရသည်။ ဘုရင်မဖြစ်မီ မင်းပျိုမင်းလွင်ဘဝ လက်ရုံးရည်များ၊ မင်းဖြစ်ပြီးနောက် တိုက်ခဲ့ သည့် တိုက်ပွဲများဟူ၍ ပြည့်စုံစွာ ပါဝင်သည်။ မင်းကြီးညို တည်ထောင်ခဲ့သော မြဝတီ၊ ဒွါရာဝတီ၊ ကေတုမတီ စသည့်မြို့များကိုလည်း ထည့်သွင်းရေးဖွဲ့ထားသည်။ စာဆိုသည် ဤချောင်းကို ရေးဖွဲ့ သည်မှာ နတ်ရွာစံသွားပြီဖြစ်သော အရှင်သခင်ကို လွမ်းဆွတ်စိတ်ကြောင့်လည်း ဖြစ်နိုင်သကဲ့သို့ နန်းတက်စမင်းသားလေးကို ခမည်းတော်ကဲ့သို့ လက်ရုံးရည်ထက်မြက်သည့် မင်းတစ်ပါးဖြစ်စေလို ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ တပင်ရွှေထီးသည် သမိုင်းတွင် ထင်ရှားသော မင်းတစ်ပါးဖြစ်ခဲ့သည်။

အရေးအဖွဲ့ပိုင်းတွင် လှော်ကား ၃၀၀၀မှူးသည် ချောင်း( ၃ )စောင်စလုံးမှာ စီစဉ်တင်ပြပုံ ပြေပြစ်ကောင်းမွန်၍ အစီအစဉ် ကျနသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် ဘုရင်တို့၏ လုပ်ဆောင် ချက်၊ စွမ်းဆောင်ချက်များဖြင့် ဘုရင်တို့၏ ဘုန်းတော်များကို ရေးဖွဲ့ပြခဲ့သည်။ ယဉ်ကျေးသိမ်မွေ့ သောအဖွဲ့၊ သရုပ်ဖော်အဖွဲ့များကိုလည်း ရေးဖွဲ့ခဲ့သည်။ ထို့ပြင် မင်းခမ်းမင်းနားများ၊ ထုံးတမ်းစဉ်လာ များကို ခမ်းနားစွာ ဖွဲ့ဆိုခဲ့သည်။ စာဆိုသည် မိမိအသားပေးလိုသော ရည်ရွယ်ချက်နှင့် လိုက်ဖက်သော

အရေးအဖွဲ့ဖြင့် ပုံပိုးပေးနိုင်ကြောင်း တွေ့ရသည်။ ထိုသို့သော အရေးအဖွဲ့များတွင် အလင်္ကာမြောက်သောအဖွဲ့များ၊ ဂုဏ်မြောက်သောအဖွဲ့များ၊ ရသခံစားမှုကို ပေးသောအဖွဲ့များဖြင့်လည်း ပံ့ပိုးနိုင်ခဲ့သည်။ စကားအသုံးအနှုန်းပိုင်းတွင် အသံသာစေသော စကားသုံးများ၊ ကာရန်လိုက်သော အဖွဲ့များဖြင့် စကားပရိယာယ်ကြွယ်ဝစွာဖြင့် ရေးဖွဲ့ထားသည်။ သမာသ်ပုဒ်အသုံးများကိုလည်း ဝေဆာစွာ သုံးထားသည်ကို လေ့လာတွေ့ရှိရသည်။ ဝေါဟာရအဖွင့်ပိုင်းတွင် အကျယ်ဖွင့်ရန် လိုအပ်သည်များကို အကျယ်ဖွင့်ပြထားပါသည်။

တပင်ရွှေထီးချင်းသုံးစောင်သည် တောင်ငူခေတ်အစတွင် စံပြချင်းပုံစံများဖြစ်သည်။ ချင်းများထဲတွင် မျိုးရိုးစဉ်ဆက်အစုံဆုံး၊ တိုက်ပွဲအစုံဆုံး ချင်းများဖြစ်သည်။ နောင်လာနောက်သားစာပေသုတေသီများ၊ ရာဇဝင်သမိုင်းကို လေ့လာလိုက်စားသူများနှင့် တောင်ငူမြို့အတွက် အဖိုးတန်သောချင်းများဖြစ်ပါသည်။